www.mapco.com.mm

MAPCO

# ANNUAL BUSINESS REPORT-2019

December, 2019

## Annual Business Report - 2019

MAPCO ၏ စီးပွားရေးလုပ်ငန်းလုပ်ဆောင်မှုအခြေအနေများကို အစုရှယ်ယာရှင်များနှင့် စီးပွားရေးမိတ်ဖက်များ သိရှိနိုင်ရန်အလို့ငှာ ပြုစုထုတ်ဝေခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းများ၏ အခြေအနေနှင့် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအကြောင်းကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

## ဒါရိုက်တာအဖွဲ့၏ အစီရင်ခံတင်ပြချက်

MAPCO ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရှေ့အလားအလာများနှင့် အားသာချက်၊ အားနည်းချက်များကို ဤအစီရင်ခံစာတွင် အကျဉ်းချုပ်အားဖြင့် ဖော်ပြထားပါသည်။

အစီရင်ခံကာလအတွင်း ဒါရိုက်တာအဖွဲ့အနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်-

(၁) ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများကို အာရုံစိုက် ဦးစားပေးဆောင်ရွက်ခြင်း

(၂) စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုပုံစံများ ပြောင်းလဲဆောင်ရွက်ခြင်း

(၃) အသုံးစရိတ်များ လျော့ချခြင်းနှင့် စိစစ်သုံးစွဲမှုပုံစံများကို ထိရောက်စွာဆောင်ရွက်ခြင်း

(၄) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ခြင်းနှင့် ရေရှည်အလားအလာမကောင်းသောလုပ်ငန်းများအား ရပ်ဆိုင်းခြင်း၊ ထုခွဲရောင်းချခြင်း

(၅) နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ခြင်း


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းတွင် ဝင်ငွေတိုးတက်ရရှိရေးကို ပိုမိုဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ဆောင်ရွက်လက်စလုပ်ငန်းများအား အမြန်ဆုံးအပြီးသတ်အကောင်အထည်ဖော်ပြီးစီးစေရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဆန်ပြည်ပတင်ပို့ရောင်းချခြင်းလုပ်ငန်း

MAPCO အနေဖြင့် ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ပြီး ပြည်ပသို့ ဆန်တင်ပို့ရောင်းချခြင်းကို ပိုမိုဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ငွေလဲနှုန်းအခြေအနေနှင့် ပြည်ပဈေးကွက် ဝယ်လိုအားကောင်းမွန်မှုတို့ကြောင့် ဆန်ပြည်ပတင်ပို့မှုသည် စီးပွားရေးအရ အကျိုးအမြတ်ရှိသော လုပ်ငန်းဖြစ်လာသဖြင့် ဂင်ငွေတိုးတက်ရရှိစေရေးနှင့် အကျိုးအမြတ်ဖြစ်ထွန်းစေရေးအလို့ငှာ ပြည်ပတင်ပို့ ရောင်းချမှုကို ဦးစားပေးဆောင်ရွက်ရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။ MAPCO မှ ရင်းနှီးမြှုပ်နှံတည်ဆောက်ထားသော နေပြည်တော်ဆန်စက်၊ ကျိုက်လတ်ဆန်စက်တို့အပြင် တည်ဆောက်ဆဲဖြစ်သော တွံတေးဆန်စက်၊ လှိုင်သာယာဆန်စက်တို့အနေဖြင့်လည်း ပုံမှန်စက်လည်ပတ်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် အဆိုပါစက်များကို ဗဟိုပြုလျက် ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တို့တွင် တိုးချဲ့ဆောင်ရွက်သွားရန် ဒါရိုက်တာအဖွဲ့မှ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် (၁)သိန်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်နှင့် ပြည်ပတင်ပို့ရောင်းချမှုမှ ဂင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ (၃၀)သန်းခန့်ရရှိနိုင်ရန် ဦးစားပေးရည်မှန်းချက်ထားရှိကာဆောင်ရွက်လျက်ရှိပါသည်။

2012 – 2019





| | 2012-2013 | 2013-2014 | 2014-2015 | 2015-2016 | 2016-2017 | 2017-2018 | 2018-2019 |
|---|---|---|---|---|---|---|---|
| MT | 53960 | 29646 | 18934 | 23400 | 13635 | 14267 | 33773 |
| USD | 17267 | 9487 | 6875 | 8467 | 4514 | 4509 | 12141 |

နှစ်အလိုက်ဆန် ပြည်ပတင်ပို့မှု အခြေအနေပြဇယား




၂၀၁၂ မှ ၂၀၁၉ခုနှစ် အထိ ဆန်အမျိုးအစားအလိုက် တင်ပို့ပြီးစီးမှုအခြေအနေ




၂၀၁၂ မှ ၂၀၁၉ခုနှစ် အထိ နိုင်ငံအလိုက် ပြည်ပသို့ဆန်တင်ပို့မှု အခြေအနေပြဇယား

# ဆန်စက်တည်ဆောက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် ခေတ်မီဆန်စက်တည်ဆောက်ရေးလုပ်ငန်းကို ၂၀၂၀ ပထမနှစ်ဝက် တွင် ပြီးစီးစေရန် ဒါရိုက်တာအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းသည် မူလက ဂျပန်နိုင်ငံမှ Mitsui ကုမ္ပဏီ နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း Mitsui အနေဖြင့် ဆန်စပါးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လတ်တလော အစီအစဉ်မရှိသေးသဖြင့် MAPCO ၏ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။





သိုလှောင်ရုံတည်ဆောက်ပြီးစီးမှု





ကွန်ကရစ်လမ်းတည်ဆောက်ပြီးစီးမှု



တွံတေးဆန်စက်စီမံကိန်းမြေပုံ

၂၀၂၀ နှစ်ဆန်းပိုင်းတွင် ဆန်စက်ယူနစ်များတပ်ဆင်နိုင်ရေး၊ စက်စမ်းသပ်လည်ပတ်နိုင်ရေး၊ တူးမြောင်းဖြတ်ကျော်ပြီး လျှပ်စစ်ဓါတ်အားသွယ်တန်း ရရှိနိုင်ရေးနှင့် ၂၀၂၀ ဇွန်လတွင် စီးပွားဖြစ်စတင်လည်ပတ် နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်းတိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန်(၁)၊ ဦးရွှေပင်လမ်း၊ အကျယ်အဝန်း (၁.၃၇) ဧကတွင် မူလက MAPCO E&C ၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုခဲ့သော အဆောက်အဦးများအား ပြန်လည်ပြုပြင်ပြီး MAPCO ၏ ဆန်စပါးလုပ်ငန်းကို အထောက်အကူပြုနိုင်ရန် ဆန်စက်အဖြစ်ပြောင်းလဲ တည်ဆောက်လျက်ရှိပါသည်။ အဆိုပါ ဆန်စက်အား ၂၀၂၀ ဇန်နဝါရီလတွင် စတင်လည်ပတ်အသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။







လှိုင်သာယာဆန်စက်စီမံကိန်းမြေပုံ






လှိုင်သာယာဆန်စက် ပြင်ဆင်တည်ဆောက်နေမှု



DESIGN AND MACHINE LAYOUT PLAN FOR 10TPH REMILLING PLANT



# ASC (33) စီမံကိန်း လက်ရှိဆောင်ရွက်နေမှုများ




မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ဦးဆောင်မှုဖြင့် MAPCO မှဆန်စပါးနှင့် ကောက်ပဲသီးနှံများ အဓိကစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်များနှင့်တိုင်းဒေသကြီးများတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများပေးနိုင်ရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းစုဖြစ်သော CITIC Construction Group နှင့် ပူးပေါင်း၍ လယ်ယာဝန်ဆောင်မှုစင်တာ (Agribusiness Service Centre)များကို ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့နယ် (၃၃)မြို့နယ်တွင် တည်ဆောက်သွားရန် နိုင်ငံတော်အစိုးရထံသို့ ၂၀၁၇ ခုနှစ်တည်းက တင်ပြအဆိုပြုထားခဲ့ပါသည်။ အဆိုပါ စီမံကိန်းအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF)၊ CITIC Construction Group နှင့် MAPCO တို့ ဇူလိုင်လ၊ ၂၀၁၇ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း(၄၀၀)ခန့်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စီမံကိန်း (၃၃)နေရာအတွက် နိုင်ငံတော်အစိုးရထံမှ ခွင့်ပြုချက်မရသေးမီ ကြိုတင်ဆောင်ရွက်မှုအဖြစ် ရှေ့ပြေးစီမံကိန်း(၄)နေရာကို ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပြု ရှေ့ပြေးစီမံကိန်းများကို ဧရာဝတီတိုင်းတွင် ကျိုက်လတ်မြို့နယ် (သို့မဟုတ်) မအူပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တွံတေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နှင့် ရခိုင်ပြည်နယ်တွင် ကျောက်တော်မြို့နယ် (သို့မဟုတ်) စစ်တွေမြို့နယ်တို့တွင် ဆောင်ရွက်သွားမည့် စီမံကိန်း(၄)ခုအတွက် အမေရိကန်ဒေါ်လာ သန်း(၁၃၈) ရင်းနှီးမြှုပ်နှံပြီး ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်း(၄)နေရာ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ MAPCO နှင့် CITIC Construction Group တို့၏ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် Corporate Agreement ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ (၁၄) ရက်နေ့တွင် နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။


Kyaiklat (or) Maubin Project


Twantay Project


Madayar Project


Kyauk Taw (or) Sittway Project

ကျိုက်လတ် (သို့မဟုတ်)မအူပင်၊ တွံတေး၊ မတ္တရာ၊ ကျောက်တော်(သို့မဟုတ်) စစ်တွေတို့တွင် တည်ဆောက်မည့် ASC စီမံကိန်းများ ဒီဇိုင်းပုံ

## မြောင်းမြဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာတွင် လယ်ယာစိုက်ပျိုးရေး အခြေခံစက်မှုဇုန် ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ယခင်က မြောင်းမြဂုန်နီစက်ရုံအား MAPCO အနေဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိထားပြီး၊ စက်ရုံဝင်းအတွင်း မြေလွတ်ဧရိယာ(၂၆၁.၂၂) ဧကတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာကဏ္ဍကို အခြေခံစက်ရုံများ ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ထောက်ခံတင်ပြမှုတို့ဖြင့် ပြည်ထောင်စုစီးပွားရေးရာကော်မတီထံ တင်ပြဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအရ Feasibility Study (FS) ကို Myanmar Koei Co., Ltd. ဖြင့် ချိတ်ဆက်ဆောင်ရွက်နေပြီးဖြစ်ပါသည်။

## ဖွဲနုဆီစက်ရုံစီမံကိန်း လက်ရှိဆောင်ရွက်နေမှုများ

ဆန်ကြိတ်ခွဲမှု၏ ဘေးထွက်ပစ္စည်းဖြစ်သည့် ဖွဲနုမှ စားသုံးရန် ဖွဲနုဆီထုတ်လုပ်နိုင်မည့် တန်(၂၀၀)ကျ ဖွဲနုဆီကြမ်းစက်ရုံ (Crude Oil Plant) များကို တွံတေးမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့တွင် တည်ဆောက်သွားရန် စီစဉ်လျက်ပါသည်။ ဖွဲနုဆီစက်ရုံစီမံကိန်းအတွက် ဂျပန်နိုင်ငံ Fukuoka Seiyu Company Limited နှင့် MAPCOတို့ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ MoU ကို ၂၀၁၇ ခုနှစ်၊ မေလ (၁၅)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ Navadurga Enterprise Pvt.,Ltd နှင့်လည်း ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်တွင်လည်း တစ်နေ့လျှင်တန်(၂၀၀)ကျ ဖွဲနုဆီကြမ်း စက်ရုံတည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ MAPCO အနေဖြင့် အတွေ့အကြုံရှိသော နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းလျက် ဆန်စပါးလုပ်ငန်း၏ စွန့်ပစ်ပစ္စည်းများ၊ ဘေးထွက်ပစ္စည်းများကို တန်ဖိုးမြှင့် Value-added ထုတ်ကုန်များထုတ်လုပ်ရန် ဦးစားပေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။



## Agri Frist ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ

Agri first ကုမ္ပဏီသည် MAPCO မှ ၄၀% နှင့် BMM VENTURE(S) PTE LTD မှ ၆၀% ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီဖြစ်ပါသည်။ Agri first ကုမ္ပဏီသည် ဩဂုတ်လ ၂၀၁၈ မှ နိုဝင်ဘာလ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေ မြန်မာကျပ်ငွေ (၁၆) ဘီလီယံဝန်းကျင် ရရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကုန်ပစ္စည်းသစ်များလည်း တိုးချဲ့ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။ ၂၀၂၀-၂၀၂၁ခုနှစ်တွင် အပင်ပိုးမွှားရောဂါ ကာကွယ်ရေး ဆိုင်ရာ ကုန်ပစ္စည်းများ (Plant Protection Product) ကို တိုးချဲ့ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။



# မြောင်းမြစက်မှုဇုန်ရှိ စွန့်ပစ်စပါးခွံမှ လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန် ဆောင်ရွက်နေမှုများ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်ရှိ ဂုန်နီစက်ရုံဝင်းအတွင်းတွင် MAPCO မှ ၂၀% နှင့် ဂျပန်နိုင်ငံ Fujita ကုမ္ပဏီမှ ၈၀% ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ထားသည့် Myaung Mya FM Biomass Power Co., Ltd. (MFM) ကို ဖွဲ့စည်းထားပြီး၊ (၁.၈) မဂ္ဂါဝပ် စပါးခွံမှ လျှပ်စစ်ဓါတ်အား ထုတ်လုပ်နိုင်သော စက်ရုံစီမံကိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဧရာဝတီတိုင်းဒေသကြီး၏ ခွင့်ပြုချက်ဖြင့် စတင်တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပြီး ယခုအခါ စက်ရုံတည်ဆောက်ရေးလုပ်ငန်း ၉၀% ကျော် တည်ဆောက်ပြီးစီးပြီး ဖြစ်ပါသည်။

စက်ရုံမှထွက်ရှိလာသော လျှပ်စစ်ဓါတ်အားကို မဟာဓါတ်အားလိုင်းကွန်ယက်သို့ ချိတ်ဆက်ရောင်းချနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နေပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် MFM တို့အကြား ဓါတ်အားအရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ဤစက်ရုံတည်ထောင်ရင်းနှီးမြှုပ်နှံမှုဖြင့် စွန့်ပစ်စပါးခွံမှ လျှပ်စစ်စွမ်းအင် ထုတ်လုပ်နိုင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ဖြစ်ခြင်းတို့အပြင် မြန်မာနိုင်ငံအတွက် Biomass Boiler Turbine ဆိုင်ရာနည်းပညာများရရှိနိုင်သည့် အကျိုးကျေးဇူးများနှင့် ကျေးရွာမီးလင်းရေးအတွက်လည်း အထောက်အကူဖြစ်ပြီး၊ နိုင်ငံ၊ ဒေသအတွင်းမှာပါ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။







## MAPCO Naypyitaw ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ



MAPCO Naypyitaw ကုမ္ပဏီသည် MAPCO မှ ၁၀၀% ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီဖြစ်ပါသည်။ MAPCO ၏ ဆန်စပါးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ MAPCO NPT အနေဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဆန်စက်ပုံမှန်လည်ပတ်နိုင်ရေးနှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းဈေးကွက်အတွက် လက်လီလက်ကားရောင်းချနိုင်ရေးကိုပါ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

# Myanmar Agribusiness Services ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ

Myanmar Agribusiness Services ကုမ္ပဏီသည် MAPCO မှ ၁၀၀% ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီ ဖြစ်ပါသည်။ ကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ သီးနှံအခြောက်ခံစက်များရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်ပြီး လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အောင်မြင်စွာ ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် အခက်အခဲများရှိသောကြောင့်လည်းကောင်း၊ ဈေးကွက်အခြေအနေအရ ယှဉ်ပြိုင်မှုများသောကြောင့်လည်းကောင်း ဆက်လက်ဆောင်ရွက်ရေးကို ပုံစံပြောင်းလဲဆောင်ရွက်ရန်နှင့် မဟာဗျူဟာကျသော ပြောင်းလဲမှုပုံစံဖြင့်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

## MAPCO E&C ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ

MAPCO E & C ကုမ္ပဏီကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်သော ကုမ္ပဏီအဖြစ် MAPCO မှ အစုရှယ်ယာ ၅၅% နှင့် အခြားအစုရှယ်ယာရှင်များမှ ၄၅% ထည့်ဝင်ဖွဲ့စည်းတည်ထောင်ထားပါသည်။ MAPCO ၏ဆန်စက်များ၊ သိုလှောင်ရုံတည်ဆောက်သည့်နေရာတွင် ကုန်ကျစရိတ်သက်သာစေရန်နှင့် အရည်အသွေး၊ အဆင့်အတန်းမှီဖြစ်စေရန် ရည်ရွယ်ပြီး MAPCO ၏ စီမံကိန်းလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်သလို MAPCO နှင့် ပြည်တွင်းပြည်ပ စီးပွားရေးအဖွဲ့အစည်းများ၏ JV Project များကိုလည်း တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့ပါသည်။ MAPCO–Fujita ပူးပေါင်းဆောင်ရွက်သည့် 1.8 MW စပါးခွံမှ လျှပ်စစ်ဓါတ်အားပေးစက်ရုံကိုလည်း E&C အနေဖြင့် ဝင်ရောက်ပါဝင်တည်ဆောက်ခဲ့ပါသည်။ E&C အနေဖြင့် မြန်မာနိုင်ငံတွင် စပါးခွံမှ လျှပ်စစ်ထုတ်လုပ်ခြင်း Renewable Energy စက်ရုံတည်ဆောက်သည့်နေရာမှာ အတွေ့အကြုံများစွာရှိပြီးဖြစ်သလို ခေတ်မီဆန်စက်နှင့် သိုလှောင်ရုံများ တည်ဆောက်သည့်နေရာမှာလည်း အတွေ့အကြုံရှိပြီးဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agricultural Sector) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုလက်မှုလုပ်ငန်းများ (Agro based Industries) နှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စားသောက်ကုန်လုပ်ငန်းများ (Agri-food Industries) များလာရောက် ရင်းနှီးမြှုပ်နှံသော FDI Projects များအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများကို Turnkey စနစ်ဖြင့်ဖြစ်စေ Semi Turnkey စနစ်ဖြင့်ဖြစ်စေ ဆောက်လုပ်ရေးဝန်ဆောင်မှုများပေးနိုင်ရန် ၂၀၁၉-၂၀၂၀ ခုနှစ်၊ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဦးစားပေးဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် လှည်းကူးစက်မှုဥယျာဉ်စီမံကိန်း ဖော်ဆောင်မှုလုပ်ငန်းအခြေအနေများ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် လှည်းကူးစက်မှု ဥယျာဉ်စီမံကိန်းဖော်ဆောင်နိုင်ရန်အတွက် စင်္ကာပူနိုင်ငံ အခြေစိုက် Sembcorp CSSD Myanmar Co.,Ltd ၊ Phahtama Group Co.,Ltd နှင့် Myanmar Agribusiness Public Co.,Ltd တို့ဖြင့် ပူးပေါင်းဆောင်ရွက်ပြီး Myanmar Singapore (Hlegu) Industrial Park JV Co.,Ltd ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်ပြီးဖြစ်ပါသည်။ လှည်းကူးစက်မှုဥယျာဉ် စီမံကိန်းဖော်ဆောင်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ပါသည်။


**Myanmar Agribusiness Public Company Limited (MAPCO)**

**Yangon Office**

No.100, Corner of Wardan Street & Kan Nar Street, Beside the Concrete Express Way,
Wardan Port Area, Seik Kan (Port) Township, Yangon, Myanmar.
Tel: (+95-1) 2301652~53, 2301825~6
Fax: (+95-1) 2301824
Email: admin@mapco-ygn.com
Website: www.mapco.com.mm

**Nay Pyi Taw Office**

Plot No.1669, Mezligon Village, Pyinmana Township, Nay Pyi Taw, Myanmar.
Tel: (+95) 09 2619 888 20, 2619 888 30
Fax: (+95-1) 067- 432008